ဝါတွင်း စတုတ္ထတနင်္ဂနွေနေ့ မတ်လ ၁၀ ရက် ၂၀၂၄

ယောဟန် ၃:၁၄-၂၁

ပထမကျမ်းမှာ- ဘုရားရဲ့သနားခြင်းဂရုဏာနဲ့ စိတ်ရှည်တော်မူခြင်းအကြောင်းကို ဖတ်ရှုရပါတယ်။ ဘုရားဟာ ဘာသာပလူတွေကိုအောင်နိုင်ခဲ့တဲ့ ဘေဘီလုံတိုင်းပြည်မှာ ပြည်နှင်ဒဏ်ခံနေရတဲ့  မိမိရဲ့လူမျိုးတော်အတွက် မိမိရဲ့သနားခြင်းနဲ့ ကယ်တင်တော်မူခြင်းကိုရရှိစေဘို့အတွက် လုပ်ဆောင်သူဖြစ်ဘို့ (ဆိုင်းရပ်စ်) ရှင်ဘုရင်ကိုရွေးကောက်တော်မူခဲ့တာကို တွေ့မြင်နိုင်ပါတယ်။

ဒုတိယကျမ်းမှာ-ရှင်ပေါလူးက ဘုရားသခင်ဟာ သနားခြင်းဂရုဏာနဲ့ကြွယ်ဝပြီးတော့ ကျွန်ုပ်တို့အား အစဉ်ထာဝရကယ်တင်ခြင်းနဲ့ထာဝရအသက်ကို အဘိုးအခပေးစရာမလိုတဲ့ ကျေးဇူးတော်အဖြစ် ယေရှုခရစ်တော်အားဖြင့် ပေးသနားတော်မူခဲ့ပါတယ်ဆိုပြီး သင်ကြားပါတယ်။

ဧဝံဂေလိကျမ်းမှာကျတော့ သခင်ယေရှုဟာ ဘုရားရဲ့ကယ်တင်တော်မူခြင်းအတွက် ကိုယ်စားလှယ်ဖြစ်တော်မူကြောင်းကို၊ တိုင်းနိုင်ငံတခုတည်းအတွက်သာလျင်မဟုတ်ဘဲ အပြစ်နဲ့နစ်မွန်းနေတဲ့ကမ္ဘာကြီးတခုလုံးအတွက်ဖြစ်တယ် ဆိုတာကို ဖော်ပြပါတယ်။ ယောဟန် ၃:၁၆ မှာ ဧဝံဂေလိကျမ်းက ဘုရားဟာ မိမိရဲ့ လူသားအားလုံးရဲ့ ကယ်တင်ခြင်းအတွက် ချစ်ခြင်း၊ သနားခြင်း၊ စိတ်ရှည်တော်မူခြင်းကို ဖော်ပြတော်မူခဲ့ပြီး မိမိရဲ့တပါးတည်းသော သားတော်ကို စေလွှတ်တော်မူကြောင်းကို တွေ့ရပါတယ်။

၁-ဘုရားရဲ့အခွင့်လွှတ်ခြင်းနှင့် မေတ္တာနှင့်ပြည့်ဝတဲ့သနားခြင်းအမှတ်လက္ခဏာဖြစ်တဲ့ ကားတိုင်တော်ကို ကျွန်ုပ်တို့ချစ်ခင်မြတ်နိုးရမှာ ဖြစ်ပါတယ်။ သခင်ယေရှုပုံပါတဲ့ လက်ဝါးကားတိုင်ဟာ ကျွန်ုပ်တို့ရဲ့ ဘုရားကျောင်းတွေရဲ့အလယ်ဗဟို (အဓိကမြင့်မြတ်တဲ့နေရာတွေမှာ နေရာယူထားတာကို ကျွန်ုပ်တို့ သတိပြုနိုင်ပါတယ်။ ဒါဟာ လွန်စွာအင်အားကြီးမားတဲ့ ဘုရားရဲ့ချစ်ခြင်းနဲ့သနားခြင်းကို မြင်တွေ့နိုင်သလို၊ ကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းအတွက်အဘိုးအခ ဘယ်လောက်ကြီးမားသလဲဆိုတာကိုလဲ မြင်တွေ့စေနိုင်ပါတယ်။ ဒါကြောင့် ဘုရားရဲ့ချစ်ခြင်းရဲ့အမှတ်လက္ခာဖြစ်တဲ့

လက်ဝါးကားတိုင်တော်ဟာ ခရစ်ယာန်မိသားစုတွေရဲ့အိမ်တိုင်းမှာ
မရှိဘဲမဖြစ်သင့်ပါဘူး။ ကြင်နာသနားခြင်းထက်ပိုပြီး မေတ္တာတော်ကို
ပြန်လည်တုံ့ပြန်ဘို့ ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါတယ်။
အခြားသူများရဲ့ဒုက္ခအခက်အခဲတွေကိုလည်း ကူညီဖယ်ရှားပေးဘို့ ကျွန်ုပ်တို့ကို
လှို့ဆော်ပါတယ်။ တခြားသူတွေရဲ့ ဒုက္ခအခက်အခဲတွေအပေါ်
ဝမ်းနည်းနေရုံမဟုတ်ဘဲ အတတ်နိုင်ဆုံး သူတို့ရဲ့အခက်အခဲတွေကို
ဝင်ရောက်ပါဝင်ဖြေရှင်းပေးဘို့အတွက် ကျွန်ုပ်တို့ကို အားပေးပါတယ်။
လက်ဝါးကားတိုင်ကို မြတ်နိုးကြပါစို့၊ လက်ဝါးကားတိုင်ကို ဝတ်ဆင်ကြပါစို့၊
နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ရဲ့လက်ဝါးကားတိုင်များကို ဝမ်းမြောက်ခြင်းနှင့်
ထမ်းယူကြပါစို့။

၂– သူတပါးကိုချစ်ခြင်းအားဖြင့် ဘုရားရဲ့မေတ္တာကို တုံ့ပြန်ရမှာ ဖြစ်ပါတယ်။
ဘုရားရဲ့မေတ္တာတော်ဟာ အကြွင်းမဲ့ ဖြစ်ပါတယ်။
လောကကမ္ဘာတခုလုံးနဲ့သက်ဆိုင်ပါတယ်။ အခွင့်လွှတ်ခြင်းနဲ့ သနားခြင်းရှိတဲ့
မေတ္တာတော်ဖြစ်ပါတယ်။ ဝါတွင်းကာလမှာ ကျွန်ုပ်တို့ရဲ့မေတ္တာ
သူတပါးတွေဆီကိုဖြန့်ဝေတဲ့အခါမှာ ဘုရားရဲ့ခေါင်မတော်မူခြင်းကို အမှီပြုပြီး
ဒီအရည်အချင်းများကို ကျွန်ုပ်တို့ဆည်းပူးနိုင်အောင်၊ ထည့်သွင်းနိုင်အောင်
ကျွန်ုပ်တို့ကြိုးစားရမှာ ဖြစ်ပါတယ်။ သူတပါးတွေဆီမှာ ဘုရားကို
ကျွန်ုပ်တို့ချစ်မြတ်နိုးလို့ ဘုရားကိုသူတပါးဆီမှာ အစေခံလို့ဘဲဖြစ်ပါတယ်။

၃–ရေနဲ့ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ရဲ့အသစ်တဖန်မွေးဖွားခြင်းဟာ
အမြဲတမ်းဆက်ပြီး အသစ်အသစ်ဖြစ်နေရမဲ့ ဖြစ်စဉ် ဖြစ်ရမှာဖြစ်ပါတယ်။
ကျွန်ုပ်တို့ဟာ နောက်တယူခြင်းအသက်တာ၊ အမြဲတမ်းအဆက်မပြတ်
ပြောင်းလဲသွားသောအသက်တာအားဖြင့် အသစ်သောအသက်တာကို
ကျွန်ုပ်တို့အတွင်းမှာရှိတဲ့ဝိညာဉ်တော်ဘုရားရဲ့အကူအညီနဲ့
နေထိုင်သွားရမှာဖြစ်ပါတယ်။
မကောင်းသောအကျင့်စရိုက်ကနေလွတ်မြောက်ဘို့အတွက်
ကိုယ်တော်နဲ့အတူတကွပါဝင်လုပ်ဆောင်ခြင်းအားဖြင့်၊

ဘုရားရဲ့အင်အားတန်ခိုးကိုအသုံးပြုခြင်းအားဖြင့်၊ ဆုတောင်းခြင်း၊ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ သမ္မာကျမ်းစာတော်မြတ်ကို ဖတ်ရှုထောက်ရှုခြင်း၊ အာပတ်ဖြေခြင်းစက္ကရင်မင်တူးကို မကြာခဏခံယူခြင်းအားဖြင့်၊ ကိုယ်တော်မြတ်စက္ကရင်မင်တူးကို မကြာခဏခံယူခြင်းအားဖြင့် ဝိညာဉ်တော်ဘုရားရဲ့ အသစ်ပြုပြင်ခြင်းကို ကျွန်ုပ်တို့ ခံယူနိုင်ကြမှာဖြစ်ပါတယ်။

၄– သခင်ဘုရားရဲ့အလင်းတော်ကို သယ်ဆောင်သူများဖြစ်ကြပြီး ဆူတပါးဆီကိုပို့ဆောင်ရမှာဖြစ်ပါတယ်။ ဘုရားရဲ့အခွင့်လွှတ်ခြင်းအလင်းတော်ကို ကျွန်ုပ်တို့ရဲ့အသက်တာမှာ ထွန်းလင်းတောက်ပဘို့အတွက် အခွင့်ပြုတဲ့အခါမှာ နေရာတိုင်းမှာထွန်းလင်းပြီး၊ အပြစ်တိုင်းကိုအခွင့်လွှတ်ပြီး၊ ဘုရားနဲ့ ပေါင်းစပ်ဆက်နွယ်မှုကို ပြန်လည်ခိုင်မြဲစေပါတယ်၊ ကျွန်ုပ်တို့ရဲ့အသက်တာကို ပြန်လည်သစ်လွင်စေပါတယ်။ သခင်ဘုရားရဲ့နောက်တော်သို့ လိုက်လျှောက်သွားတဲ့သူတိုင်း အမှောင်ထဲမှာ မလျှောက်လှမ်းကြရပါဘူး။ အပြစ်အခွင့်လွှတ်ခြင်းနဲ့သက်ဆိုင်တဲ့ ပျော်ရွှင်ခြင်းနဲ့ငြိမ်းချမ်းသာယာခြင်း၊ အသစ်သောစိတ်နေသဘောထား၊ အသစ်သောဘုရားနဲ့ မိသားစုဝင်တွေနဲ့၊ အသိမိတ်ဆွေတွေနဲ့ ပေါင်းစပ်ဆက်နွယ်ခြင်းကို ကျွန်ုပ်တို့တွေ့ကြုံခံစားကြရမှာ ဖြစ်ပါတယ်။ သခင်ဘုရားရဲ့ အမှန်တရားရဲ့အလင်း၊ ဖြောင့်မတ်ခြင်း တရားမျှတခြင်းအလင်း၊ သန့်ရှင်းစင်ကြယ်ခြင်းအလင်း၊ မေတ္တာတော်ရဲ့အလင်း ကျွန်ုပ်တို့ရဲ့အသက်တာမှာ ထွန်းလင်းတောက်ပတယ်ဆိုတာ သူတပါးဆီသို့ ကျေးဇူးတော်ကို ပို့ဆောင်ပေးခြင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့အားဖြင့် ခရစ်တော်ဘုရားရဲ့အလင်းတော်ဟာ များစွာသောသူတို့ရဲ့ဘဝထဲကို ပို့ဆောင်ပေးရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့အသက်တာထဲကို ပို့ဆောင်လိုက်တဲ့ ခရစ်တော်ရဲ့အလင်းတော်ဟာ
သူတို့ရဲ့အသက်တာထဲကအမှောင်ထုကိုဖယ်ရှားပေးသလို
ကျွန်ုပ်တို့ရဲ့ဝေဝှခြင်းထဲမှာလည်း အလင်းတော်ဟာ ထွန်းလင်းနေမှာ ဖြစ်ပါတယ်။ ခရစ်တော်ရဲ့အလင်းတော်ဟာ ကျွန်ုပ်တို့အားဖြင့်အလုပ်လုပ်နိုင်တယ်ဆိုတဲ့အချက်ကို အထင်မသေးရပါဘူး။ (မာတေဦး ၅း ၁၄၊ ၁၆)

ယုံကြည်ဘို့အတွက် ငြင်းပယ်တဲ့သူများအတွက် ယခုပင်စီရင်ခြင်းကိုခံရပြီ။ ဒါက တခြားသောယုံကြည်ကိုးကွယ်မှု ဘာသာတရားများကို ယုံကြည်သက်ဝင်သွားတဲ့သူတွေကို ရည်ညွှန်းတာမဟုတ်ပါဘူး။ အလင်းထက် အမှောင်ကို ပိုပြီးကြိုက်နှစ်သက်သူတွေ၊ ဆိုးသွမ်းသော ကိုယ်ကျင့်တရားနှင့်ဆန့်ကျင်သောအသက်တာ၊ ချစ်ခြင်းနေရာမှာ မုန်းတီးမှု၊ အခွင့်လွှတ်ခြင်းနေရာမှာ ကလဲ့စားချေတုံ့ပြန်မှု၊ ဝေငှခြင်းနေရာမှာ လောဘကြီးမှု၊ ပေးကမ်းစွန့်ကြဲခြင်းထက် ရယူမှုတွေနဲ့ စတဲ့အခြေအနေတွေမှာ ရှိနေတဲ့သူတွေကိုဆိုလိုပါတယ်။ စိတ်ပါကိုယ်ရောက်စွာနဲ့ မှားယွင်းသောလမ်းကို လျှောက်လှမ်းတဲ့သူတွေဟာ အလင်းကိုမုန်းတီးပြီး အမှောင်လမ်းကိုရွေးချယ်ကြပါတယ်ဆိုပြီး ရှင်ယောဟန်ကဆိုထားပါတယ်။ ဖြောင့်မတ်ခြင်းအသက်တာမှာ အသက်ရှင်တဲ့သူဟာ အလင်းကိုမကြောက်ပါဘူး။ ထိုသူဟာ မည့်သည့်အရာကိုမှ ဖုံးကွယ်စရာမလို–မည်သည့်အရာကိုမှ ရှက်စရာမလိုပါဘူး။

ဝါတွင်းကာလမှစ အမြဲတမ်း ဘာသာသူများ လောက၏ဆားဖြစ်ပြီး တောင်ပေါ် မှာတည်ထားသောမြို့ကဲ့သို့၊`မင့်သောနေရာမှာရှိတဲ့ဖရောင်းတိုင်ကဲ့သို့၊ လူအများ သင်တို့ရဲ့ကောင်းမြတ်ခြင်းကိုမြင်တွေ့နိုင်ပြီး သခင်ဘုရားဆီသို့ရောက်ရှိနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းလိုက်ရပါတယ်။

D